# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)
NATIONAL LEAGUE FOR DEMOCRACY (Liberated Area)

## ဒေါ်အောင်ဆန်းစုကြည် ၏ အယူခံလွှာအား ပယ်ချလိုက်သည့် ကိစ္စနှင့် ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ၏ ထုတ်ပြန်ကြေညာချက်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ် ချထားခြင်းအပေါ် ပြန်လည်ပြင်ဆင်ပေးပါရန် နအဖ စစ်အာဏာရှင်များအား ဥပဒေကြောင်းအရ တရားဝင်တင်ပြခဲ့မှုအပေါ် နေပြည်တော်စစ်အစိုးရမှ ပယ်ချလိုက်ကြောင်း ခိုင်လုံသောသတင်းများအရ ကြားသိရသည်။

ဒေါ်အောင်ဆန်းစုကြည် အပေါ် “၁၉၇၅ ခုနှစ်၊ နိုင်ငံတော်အား နှောက်ယှက်ဖျက်ဆီးလိုသူများ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ” ပုဒ်မ–၁၀(ခ)/ ပုဒ်မ–၁၃ နှင့် ၁၄ တို့အရ ဆက်လက် တားဆီးမိန့်ကို (၂၈–၅–၂၀၀၈) နေ့မှ (၂၇–၅–၂၀၀၉) နေ့အထိ ပြုလုပ်ထားပြီး၊ ၎င်းဥပဒေ ပုဒ်မ–၁၉ တွင် “ဗဟိုအဖွဲ့၏အမိန့်တရပ်ရပ်အရ အရေးယူခံရသူသည် အရေးယူခြင်းခံနေရသည့်ကာလအတွင်း အယူခံခွင့်ရှိ သည်” ဟု ပြဋ္ဌာန်းချက်အရ ပယ်ဖျက်ပေးပါရန် တင်သွင်းခြင်းကို နေပြည်တော်စစ်ခေါင်းဆောင်များမှ ပယ်ချလိုက်ခြင်း ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်၏ နစ်နာချက်များကို သူမ၏ရှေ့နေဖြစ်သူ ဦးကြည်ဝင်းမှ သူမ၏ကိုယ်စား နအဖသို့ တရားဝင် တင်ပြခဲ့ခြင်းကိုပယ်ချခဲ့ပြီး နေပြည်တော်စစ်အာဏာရှင်များမှတဆင့် ဝန်ကြီးများအဖွဲ့သို့ လွှဲပြောင်းလိုက်ကြောင်း သတင်းရရှိသည်။ ထို့အပြင် ဒေါ်အောင်ဆန်းစုကြည်နှင့် သူမ၏ရှေ့နေ ဦးကြည်ဝင်းအား တွေ့ဆုံခွင့်ကိုလည်း ပိတ်ပင်လိုက်သည်။ နအဖ အနေဖြင့် မြန်မာနိုင်ငံတွင် ဥပဒေအရအုပ်ချုပ်ခြင်း မဟုတ်ဘဲ ဥပဒေမဲ့အုပ်ချုပ်နေခြင်း၊ တရားစီရင်နေခြင်းများမှာ အဆိုးဝါးဆုံးအခြေအနေသို့ ရောက်လာကြောင်း ပိုမိုထင်ရှားလာသည်။

အမှန်စင်စစ် ဒေါ်အောင်ဆန်းစုကြည်သည် တရားခံမဟုတ်ဘဲ တရားလိုသာဖြစ်သည်။ နအဖ စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ တိုက်ရိုက်အမိန့်ဖြင့် ၂၀၀၃ ခုနှစ်၊ မေလ (၃၀) ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်အား စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ်၊ ကျည်ရွာအနီး၌ လုပ်ကြံသတ်ဖြတ်ရန် ကြိုးစားခဲ့ပြီး၊ လုပ်ကြံမှု မအောင်မြင်သောအခါ ရန်ကုန်မြို့ အင်းစိန်အကျဉ်းထောင်သို့လည်းကောင်း၊ ထိုမှတဆင့် အထက်ပါပုဒ်မများ ဖြင့် မတရားဖမ်းဆီး အရေးယူခဲ့သည်မှာ (၆) နှစ်နီးပါးရှိခဲ့ပြီဖြစ်သည်။ ထိုကဲ့သို့ ဒေါ်အောင်ဆန်းစုကြည်၏ အယူခံလွှာကို ပယ်ချလိုက်ခြင်းသည် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် ဥပဒေကြောင်းအရ ဆက်လက်ဆောင်ရွက်နိုင်သည့် နည်းလမ်းများ ကုန်ဆုံးသွားကြောင်း ဖော်ပြရာရောက်သည်။

ယခုအခါ အရှေ့တောင်အာရှ နိုင်ငံများအနေဖြင့် အာဆီယံပဋိညာဉ်စာတမ်းကို အဖွဲ့ဝင်နိုင်ငံများအားလုံး သဘောတူလက်မှတ်ရေးထိုးခဲ့ကြပြီး၊ မကြာခင် အာဆီယံနိုင်ငံများအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို အရေးယူဆောင်ရွက်ရန်ပြင်ဆင်နေချိန်တွင် နိုင်ငံတကာအလယ်၌ ထင်ရှားလူသိများသော မြန်မာနိုင်ငံ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ အယူခံလွှာကို ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမရှိဘဲ ပယ်ချလိုက်ခြင်းသည် ဒေသတွင်းနိုင်ငံများနှင့် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် ဝိုင်းဝန်းတောင်းဆိုနေကြသော နိုင်ငံတကာမှခေါင်းဆောင်များ၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းတို့၏ ဆန္ဒသဘောထားများကိုပါ လစ်လျူရှုလိုက်ခြင်းဖြစ်သည်။

ထို့အပြင် နအဖအနေဖြင့်နိုင်ငံရေးယုံကြည်ချက်ကြောင့်ဖမ်းဆီးခံနေရသော တိုင်းရင်းသားခေါင်းဆောင် များ၊ကျောင်းသားခေါင်းဆောင်များ၊ အဖွဲ့ချုပ်အဖွဲ့ဝင်များ၊ ရဟန်းသံဃာတော်များကို နှစ်ရှည်ထောင်ဒဏ်များ ချမှတ်လိုက်သည့်အပြင် မိသားစုများနှင့် ဝေးကွာစေရန် ဝေးလံခေါင်ဖျားသော အရပ်ဒေသ များသို့ ပြောင်းရွှေ့လိုက်ခြင်းသည် လူ့အခွင့်အရေးကို အဆုံးစွန်အထိ ချိုးဖောက်လိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် မိမိတို့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွတ်မြောက်နယ်မြေ အနေဖြင့် နအဖ၏ထပ်တလဲလဲ ကျူးလွန်နေသော ဥပဒေမဲ့လုပ်ရပ်များကို လုံခြုံရေးကောင်စီမှ တိုက်ရိုက်ကိုင်တွယ် ဖြေရှင်းပေးရန် တောင်းဆိုလိုက်သည်။

ဗဟိုကော်မတီ
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ)
ရက်စွဲ – ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ ( ၁၂) ရက်။

ဆက်သွယ်ရန် – ၀၈၆၂၀၄၆၀၂၃